EMReF Enlightened Myanmar Research Foundation ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ စုစည်းတင်ပြသည်။

# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အတွဲ(၃)၊ အမှတ်-၈၂

ဇူလိုင် ၉ ရက်၊ ၂၀၁၉

## မကွေးတိုင်း မြေယာခွန်ဥပဒေမူကြမ်းတွင် အခွန်တိုးမြှင့်ကောက်ခံမည့်အချက် ပါဝင်

ဇူလိုင် ၄၊ ၂၀၁၉

မကွေးတိုင်းလွှတ်တော်တွင် အတည်ပြုနိုင်ရန် ပြန်လည်ရေးဆွဲထားသည့် မြေယာခွန်ဥပဒေမူကြမ်း၌ မြေယာခွန်များတိုးမြှင့်ကောက်ခံရန်ပါရှိကြောင်း မကွေးတိုင်းဒေသကြီး ဥပဒေပြုရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ တိုင်းလွှတ်တော်ဒုဥက္ကဋ္ဌ ဦးဇော်မျိုးဝင်းကပြောသည်။ ယခင်က သီးနှံတစ်ဧကလျှင် မြေယာခွန်သည် အနိမ့်ဆုံး ၂၅ ပြားမှ အမြင့်ဆုံးငါးကျပ်သာရှိသဖြင့် ခေတ်နှင့်မလျော်ညီတော့ကြောင်း၊ ယခုရေးဆွဲထားသည့် မြေယာခွန်ဥပဒေမူကြမ်းတွင် သီးနှံတစ်ဧကလျှင် အနိမ့်ဆုံးကျပ် ၅၀ မှ အမြင့်ဆုံးကျပ် ၁,၀၀၀ အထိ တိုးမြှင့်ကောက်ခံရန်ပါရှိသည်ဟုဆိုသည်။

အခွန်ဆောင်ခြင်းဖြင့် တောင်သူများ၏ လယ်ယာမြေပိုင်ဆိုင်မှုပိုမိုခိုင်မာမည်ဖြစ်သကဲ့သို့ ရရှိသည့်အခွန်များဖြင့် လယ်ယာမြေဖွံ့ဖြိုးတိုးတက်ရေးပြုပြင်ပြောင်းလဲမည်ဟု ဥပဒေပြုရေးကော်မတီဝင် တိုင်းလွှတ်တော်အမတ် ဦးသက်ခိုင်က ပြောသည်။

ယင်းကဲ့သို့ မြေယာခွန်များ တိုးမြှင့်ကောက်ခံခြင်းသည် တိုင်းတစ်ခု၊ ပြည်နယ်တစ်ခုတည်းက ဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ တိုင်းနှင့်ပြည်နယ်အားလုံး တစ်ပြေးညီဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ ပြည်ထောင်စုအစိုးရကလည်း ညွှန်ကြားထားကြောင်း သိရသည်။

မြေယာခွန်ဥပဒေမူကြမ်းနှင့်ပတ်သက်၍ မကွေးတိုင်းဒေသကြီး ဥပဒေပြုရေးဆိုင်ရာကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အရပ်ဘက်လူမှုအဖွဲ့စည်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်၍ တွေ့ဆုံညှိနှိုင်းရေးဆွဲခဲ့ကြောင်း ကော်မတီမှသိရသည်။

**(ကိုးကား - http://7daydaily.com)**

## တိုင်းဒေသကြီးနှင့်ပြည်နယ်အများစုတွင် လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန အသစ်ဖွဲ့စည်း၊ ဝန်ကြီးများခန့်အပ်

ဇူလိုင် ၈၊ ၂၀၁၉

လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာနကို နိုင်ငံတော်သမ္မတ၏ညွှန်ကြားချက်အရ တိုင်းနှင့်ပြည်နယ်အားလုံးတွင် တိုးချဲ့ဖွဲ့စည်းခဲ့ရာ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများက အဆိုပြုသောဝန်ကြီးများကို ၎င်းတို့၏ ဒေသဆိုင်ရာလွှတ်တော်အများစုက အတည်ပြုခန့်အပ်ခဲ့သည်။

ကချင်ပြည်နယ်ဝန်ကြီးဌာနအသစ် ဝန်ကြီးအဖြစ် ကန်ပက်လက်မဲဆန္ဒနယ် အမှတ် (၂) လွှတ်တော်ကိုယ်စားလှယ် ဦးဖွေအား၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ရွှေဘိုမဲဆန္ဒနယ် အမှတ် (၁) လွှတ်တော်ကိုယ်စားလှယ် ဦးမိုးကျော်သူ၊ မကွေးတိုင်းတွင် ကံမမဲဆန္ဒနယ် အမှတ် (၂) လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်၊ ရန်ကုန်တိုင်းတွင် မရမ်းကုန်းမဲဆန္ဒနယ် အမှတ် (၂) အမတ် ဒေါ်မိုးမိုးစုကြည်၊ တနင်္သာရီတိုင်းဒေသကြီးတွင် လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်း(ခ) ဦးဖိုးမင်း (ပုလော-၁) တို့ကို သက်ဆိုင်ရာဒေသလွှတ်တော်အသီးသီးက အတည်ပြုခန့်အပ်ပြီးဖြစ်သည်။ ဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသည့် လွှတ်တော်ကိုယ်စားလှယ်အားလုံးမှာ ဒေသလွှတ်တော်အသီးသီး၏ ရေးရာကော်မတီများတွင် ဥက္ကဋ္ဌ (သို့မဟုတ်) အတွင်းရေးမှူးတာဝန်ထမ်းဆောင်နေကြသူများဖြစ်သည်။

ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်အသီးသီးတွင်လည်း အဆိုပါဝန်ကြီးဌာနအသစ်ဖွဲ့စည်းခြင်း၊ ဝန်ကြီးခန့်အပ်ခြင်းများပြုလုပ်ရန် လွှတ်တော်အစည်းအဝေးများ လျာထားကျင်းပလျက်ရှိသည်။ ဝန်ကြီးဌာနအသစ်ဖွဲ့စည်းခြင်းအတွက် မန္တလေးတိုင်းဒေသကြီးလွှတ်တော်၊ မွန်ပြည်နယ်လွှတ်တော်များတွင် အတည်ပြုပြီးဖြစ်သည်။ သို့သော် ရှမ်းပြည်နယ်လွှတ်တော်တွင် ကန့်ကွက်သူကိုယ်စားလှယ်များရှိသည့်အတွက် ဝန်ကြီးဌာနတိုးချဲ့ဖွဲ့စည်းခြင်းအပေါ် မဲခွဲဆုံးဖြတ်ရာ ထောက်ခံမဲပေးသူ (၃၂) ဦး၊ ကန့်ကွက်မဲပေးသူ (၈၇)ဦး၊ ကြားနေမဲပေးသူတစ်ဦး၊ မဲမပေးသူတစ်ဦးဖြင့် ရှုံးနိမ့်ခဲ့ပြီး သဘောတူညီခဲ့ခြင်းမရှိပေ။

**(သတင်းရင်းမြစ်အသီးသီးမှ စုစည်းတင်ပြပါသည်)**

# ဝါးစိမ်းတောင်ဒေသတွင် စီမံကိန်းဖော်ဆောင်ပါက လက်ပံတောင်းပဋိပက္ခထက် ပိုဆိုးနိုင်ဟုဆို



**ဇူလိုင် ၆၊ ၂၀၁၉**

ဝါးစိမ်းတောင်ဒေသတွင် ဓာတ်သတ္တုစမ်းသပ်တူးဖော်မည့် စီမံကိန်းဖော်ဆောင်ပါက လက်ပံတောင်းပဋိပက္ခထက် ပိုဆိုးနိုင်သည်ဟု ယင်းမာပင်မြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်အောင်မေရီက မဇ္ဈိမသို့ ပြောသည်။

တရုတ်နိုင်ငံ ယန်စီကုမ္ပဏီမှ ဝါးစိမ်းတောင်ဒေသတွင် ဓာတ်သတ္တု စမ်းသပ်တူးဖော်မည့်စီမံကိန်းကို ၂၀၁၈ ဒီဇင်ဘာလကပင် ဒေသခံပြည်သူများနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်အချို့က ကန့်ကွက်ခဲ့ကြခြင်း ဖြစ်သည်။

"ပြည်သူတွေ လက်မခံတာကို အစိုးရလူတွေသိပါတယ်။ သူတို့တွေ သိသိကြီးနဲ့ကို ကုမ္ပဏီနဲ့ပူးပေါင်းပြီး ပြည်သူဆီကို အတင်းဖွတ်ဝင်ဝင်တိုးပြီး စည်းရုံးနေတယ်။ သူတို့တွေ ဖွတ်ထပ်တိုးလာရင် ဒေသက အကုန်အုံကြွလာမယ် လက်ပံတောင်းထက်ကို ပိုဆိုးနိုင်တယ်"ဟု ယင်းမာပင်မြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်အောင်မေရီက မဇ္ဈိမသို့ပြောသည်။

ကုမ္ပဏီမှ သတ္တုစမ်းသပ်ရှာဖွေမည့် စီမံကိန်းနယ်မြေသည် ယင်းမာပင်မြို့နယ်တွင် တည်ရှိပြီး ဧက တစ်သိန်းကျော် ကျယ်ဝန်း၍ ကျေးရွာပေါင်း ၁၂၀ ၊ စာသင်ကျောင်း ၈၆ ကျောင်း၊ ဘုန်းကြီးကျောင်း ၁၃၉ ကျောင်းနှင့် စက်ရုံမြေ၊ သာသနာ့မြေ၊ ကြိုးဝိုင်း ကြိုးပြင် သစ်တောမြေများ ပါဝင်မည်ဖြစ်သည်။ အဆိုပါဒေသတွင် နေထိုင်သူ လူဦးရေ ၈ သောင်းကျော်ရှိကြောင်း ကိုယ်စားလှယ်များထံက သိရသည်။

"သစ်ပင်တစ်ပင်ဆုံးရှုံးသွားရင် သစ်ပင်တစ်ပင်အစားရပေမယ့် တောင်တစ်လုံးဆုံးရှုံးသွားရင် တောင်တစ်လုံးပြန်မရဘူး ဒီတောင်ကြီးကိုဖြိုမယ့်အစား တစ်နေ့ကို တစ်ရွာတစ်ယောက် လာသတ်သွားပါ ကျွန်တော်ကိုယ်တိုင် လူစုပြီးသွား အသတ်ခံပါ့မယ် သူတို့ရောင်းပြီးသားမို့ ဒေသခံတွေရဲ့ မြေယာတွေကို ထိခိုက်လာမယ် ဖွတ်တိုးလုပ်လာရင်တော့ တစ်မျိုးပြန်လုပ်ရမယ်"ဟု စီမံကိန်းနယ်မြေအတွင်း ပါဝင်နေသည့် သပြေအေးကျေးရွာမှ ဦးသိန်းကျော်က မဇ္ဈိမသို့ ပြောသည်။

ဝါးစိမ်းတောင်ဒေသခံများသည် လယ်၊ ယာလုပ်ငန်းအား အဓိကလုပ်ကိုင်ကြသည့် တောင်သူများဖြစ်ပြီး စီမံကိန်းကြောင့် စိုက်ပျိုးမြေများနှင့် သောက်သုံးရေ ပျက်စီးဆုံးရှုံးမည်ကို စိုးရိမ်နေကြခြင်းဖြစ်သည်ဟု ဒေသခံများက ဆိုသည်။

ဝါးစိမ်းတောင်စီမံကိန်းနှင့် ပက်သက်၍ တိုင်းဒေသကြီး အစိုးရရုံးပြောရေးဆိုခွင့်ရှိသူ စည်ပင်ဝန်ကြီးအား မဇ္ဈိမကဆက်သွယ်မေးမြန်ရာ အစည်းအဝေးခန်းထဲ ရောက်နေသည့်အတွက် ပြန်လည်ဖြေကြားနိုင်ခြင်း မရှိကြောင်း ပြောကြားသည်။

ကြေးနီနှင့် ဆက်စက်သတ္တုရှာဖွေစမ်းသပ်ရေး လျှောက်ထားမှုတွင် စစ်ကိုင်းတိုင်းအစိုးရမှ သဘောထားမှတ်ချက်မပေးသေးဘဲ ဆိုင်းငံ့ထားသည်ဟု ဇွန်လ ၂၃ ရက်နေ့က ပြုလုပ်ခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးတွင် စည်ပင်ဝန်ကြီး ဦးမြင့်ကြည်က ပြောကြားထားသည်။

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဝန်ကြီးများသည် ဇူလိုင်လ ၃ ရက်နေ့က ဝါးစိမ်းတောင်စီမံကိန်းနှင့်ပတ်သက်၍ ဒေသခံများနှင့် သွားရောက်တွေ့ဆုံခဲ့ရာ ဒေသခံများက လက်မခံသည့်အတွက် အစည်းအဝေးပွဲပျက်ခဲ့သည်။

**(ကိုးကား-http://www.mizzimaburmese.com)**



ဓာတ်ပုံ-www.sagaingregionhluttaw.gov.mm

# စစ်ကိုင်းတိုင်းလွှတ်တော်၌ မေးမြန်းသော မေးခွန်း ၂,၀၀၀ ခန့်၏ ၅၂ ရာခိုင်နှုန်းကို အစိုးရဆောင်ရွက်ခဲ့ဟုဆို

**ဇူလိုင် ၂၊ ၂၀၁၉**

စစ်ကိုင်းတိုင်းလွှတ်တော်၌ သုံးနှစ်ကျော်အတွင်း မေးမြန်းသောမေးခွန်း ၁,၉၀၀ ကျော်အနက် တိုင်းဒေသကြီးအစိုးရက ၅၂ ရာခိုင်နှုန်းခန့် ဆောင်ရွက်ခဲ့ကြောင်း တိုင်းလွှတ်တော်ဥက္ကဋ္ဌဦးသန့်က ပြောကြားသည်။

ကြယ်ပွင့်ပြမေးခွန်း ၁,၄၀၀ ကျော်နှင့် ကြယ်ပွင့်မပြမေးခွန်း ၅၀၀ ကျော်ကို တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ မေးမြန်းခဲ့ခြင်းဖြစ်ကြောင်း ဇွန်လ ၂၈ ရက်က စစ်ကိုင်းမြို့၌ ကျင်းပသော တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဒေသခံများ တွေ့ဆုံပွဲတွင် ပြောကြားသည်။

“လွှတ်တော်ကိုယ်စားလှယ်များက မိမိရပ်ရွာအကျိုးကိစ္စ မေးမြန်းခဲ့တယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့ကလည်း တတ်နိုင်သလောက် ဆောင်ရွက်ပေးခဲ့တယ်။ ဒီအချက်တွေကြောင့် အစိုးရအဖွဲ့ရဲ့လွှတ်တော်မှာ ဆောင်ရွက်မှုအားဟာ တော်တော်လေးကို အောင်မြင်ပါတယ်လို့ ပြောလို့ ရပါတယ်”ဟု ဦးသန့်က ပြောသည်။

ထို့အပြင် လွှတ်တော်သို့ အဆို ၂၇ ကြိမ် တင်သွင်းရာ ၂၂ ကြိမ် အတည်ပြုအောင်မြင်ပြီး နှစ်ခုကို ဆွေးနွေးရန်မသင့်၍ ပယ်ဖျက်ကာ သုံးခုကို လွှတ်တော်တွင် မှတ်တမ်းတင်ခဲ့သည်။ လွှတ်တော်သက်တမ်း သုံးနှစ်ကျော်အတွင်း ဥပဒေခြောက်ခုရေးဆွဲအတည်ပြုနိုင်ခဲ့ပြီး ၁၁ ခုကို အတည်ပြုရန် လွှတ်တော် ဥပဒေကြမ်းကော်မတီက ဆောင်ရွက်နေကြောင်း ၎င်းကပြောသည်။

စစ်ကိုင်းခရိုင်ရှိ ဒေသခံများနှင့် တိုင်းအစိုးရတွေ့ဆုံမှုကို စစ်ကိုင်းမြို့တော်ခန်းမ၌ ကျင်းပခဲ့ပြီး ခရိုင်အတွင်းရှိ စစ်ကိုင်း၊ မြင်းမူနှင့် မြောင်မြို့နယ်တို့မှ တစ်မြို့နယ်လျှင် ဒေသခံ ငါးဦးစီက တိုင်းဒေသကြီးအစိုးရကို မေးခွန်းမေး မြန်းခွင့်ရခဲ့သည်။

**(ကိုးကား - http://7daydaily.com)**

# လမ်း၊ တံတားများ စံမမီဟု သံသယရှိက တိုင်းလွှတ်တော်ဥက္ကဋ္ဌထံ တိုင်ကြားနိုင်

**ဇွန် ၂၅၊ ၂၀၁၉**

တည်ဆောက်နေသည့် လမ်း၊ တံတားများ စံချိန်စံညွှန်းမမီကြောင်း သံသယရှိပါက ဓာတ်ပုံရိုက်ပြီး Viber မှတစ်ဆင့် တိုင်ကြားနိုင်ကြောင်း တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်အေးက ဆိုသည်။ တိုင်ကြားမှုရောက်လာပါက သက်ဆိုင်ရာဌာနသို့ အကြောင်းကြားကာ ညှိနှိုင်းဆောင်ရွက်ပေးနေသည်ဟု ပြောပါသည်။

နိုင်ငံတော်ဘတ်ဂျက် အလေအလွင့်မရှိစေရေး ထိန်းသိမ်းသည့်အနေဖြင့် ယင်းသို့ လုပ်ဆောင်ခြင်းဖြစ်သည်ဟု ၎င်းကပြောသည်။

လက်ရှိတွင် ၎င်း၏မဲဆန္ဒနယ်တွင် Viber ဖုန်းနံပါတ်ကို ၂၀၁၈ ခုနှစ်နှောင်းပိုင်းက ထုတ်ပြန်ထားပြီး တိုင်းအတွင်းရှိ ကျန်သည့် မဲဆန္ဒနယ်မှ ပြည်သူများလည်း တိုင်ကြားနိုင်သည်။ အခြားမဲဆန္ဒနယ်မြေမှ ပြည်သူများ တိုင်ကြားလာပါက သက်ဆိုင်ရာတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ထံ လွှဲပေးမည်ဖြစ်ကြောင်း ဦးခင်မောင်အေးက ဆိုသည်။

“လွှတ်တော်က အတည်ပြုထားတဲ့ ပြည်သူ့ဘတ်ဂျက်ကို အလွဲသုံးစားမဖြစ်ဘဲနဲ့ မှန်မှန်ကန်ကန်ဆောင်ရွက်နေရဲ့လား ဆိုတာကို စောင့်ကြည့်ထိန်းညှိတဲ့သဘောနဲ့ပါ” ဟု ၎င်းကပြောသည်။

လမ်း၊ တံတားကိစ္စများအပြင် ရပ်/ကျေးအုပ်ချုပ်ရေးမှူး တာဝန်အလွဲသုံးခြင်းများကိုလည်း တိုင်ကြားနိုင်ပြီး တိုင်ကြားမှုရှိပါက ထွေအုပ်ဌာနနှင့် ညှိနှိုင်းပြောဆိုမည်ဖြစ်ကြောင်းနှင့် အထက်ပါကိစ္စများကို တိုင်ကြားလိုပါက ဖုန်း-၀၉-၉၆၂၄၈၇၂၇၁ ထံ Viber ဖြင့် ပေးပို့နိုင်ကြောင်းသိရသည်။

**(ကိုးကား-တနင်္သာရီအပတ်စဉ်)**